**ဘားမားဒိုင်ဂျက်စ် စာဖတ်ပရိသတ်များ သို့**

အလေးအနက် မေတ္တာရပ်ခံလာသည့်အတိုင်း အထက်တွင်ဖော်ပြခဲ့သော ရှင်းလင်းချက်၊ ပန်ကြားချက်နှင့် တိုက်တွန်းချက်များကို ပြန်လည် ဖြန့်ဝေပေးလိုက်ခြင်း ဖြစ်ပါသည်။ လူထုကြားသို့ ပိုမိုရောက်ရှိပြန့်နှံ့စေရန်အတွက် မိမိတို့ တတ်နိုင်သည့်ဘက်မှနေ၍ ရနိုင်သမျှ ထပ်မံ လက်ဆင့်ကမ်းပေးကြပါရန် ကျနော်ကလည်း မေတ္တာရပ်ခံလိုက်ပါသည်။

အာဏာရှင် ရပ်တည်နိုင်သည်မှာ သူ့အား ထောက်ခံနေသူ၊ ယိုင်းပင်းကူညီပေးနေသူတို့ ရှိနေသောကြောင့်ဖြစ်သည်။ ထိုသို့သော ထောက်ခံယိုင်းပင်းကူညီနေသူတို့က အမှန်တရားကို သိမြင်သဘောပေါက်လာမှသာ အာဏာရှင်ကို စွန့်ခွာ၍ လမ်းခွဲထွက်ကြမည်ဖြစ်သည်။ အာဏာရှင်တို့မှာ ထုံးစံအတိုင်း ကောက်ကျစ်စဉ်းလဲ၍ ဉာဏ်နီဉာဏ်နက်များတတ်သည်ဖြစ်၍ အမှားကို အမှန်ဖြစ်အောင်လုပ်သကဲ့သို့ အမှန်ကိုလည်း အမှားလုပ်တတ်ကြသည်။ အဖြစ်မှန်များကိုလည်း မရိုးမသားဖြင့် ဖုံးဖိထားတတ်ကြသည်။ သံဃာနှင့်ဒကာ၊ ဆရာနှင့်ကျောင်းသား၊ ပြည်သူလူထုနှင့် ကြံ့ခိုင်ဖွံ့ဖြိုးရေး–စွမ်းအားရှင်–မီးသတ်တို့ကို ရန်တိုက်ပေး၍ အိမ်ကြက်ချင်း အိုးမဲသုတ် ခွပ်ခိုင်းသည်ဆိုကတည်းက အာဏာရှင်တို့ မည်မျှ ကောက်ကျစ် ယုတ်မာသည်ကို ခန့်မှန်းနိုင်ပါသည်။

လူထုက အကြမ်းမဖက် ငြိမ်းချမ်းစွာ ဆန္ဒပြတောင်းဆိုသည်ကို အကြမ်းဖက်ဖြိုခွဲ၊ လက်နက်အားကိုးဖြင့် ဥပဒေမဲ့ အနိုင်ကျင့်၊ ပြန်ပေးဆွဲနေသည့် အာဏာပိုင်တို့သာလျှင် အကြမ်းဖက်သမားများဖြစ်ကြသည်။ အာဏာသိမ်း စစ်ခေါင်းဆောင်တို့ကိုယ်တိုင် စီစဉ်ကျူးလွန်နေသည့် အကြမ်းဖက် ဖြစ်ရပ်မှန် များစွာရှိသည်။ ဒီပဲယင်း သက်သေရှိသည်။ သူတို့၏ အကြမ်းဖက်လုပ်ရပ်များကို ပြည်သူလူထုက အမှန်အတိုင်း သိမြင်သွားမည်ကို အာဏာပိုင်တို့က အလွန်စိုးရိမ်နေပြီး ရနိုင်သမျှ လိုက်လံပိတ်ဆို့ ဖျက်ဆီးနေသည်။ အာဏာရှင်တို့က မဖြစ်စလောက် ငွေကြေးပေး၍ ခိုင်းစေထားသော စစ်တပ်၊ ရဲ၊ အစိုးရဝန်ထမ်းနှင့်တကွ ကြံ့ခိုင်ဖွံ့ဖြိုးရေး–စွမ်းအားရှင်–မီးသတ် စသည်တို့အားလုံး အနေဖြင့် ဖြစ်ရပ်မှန်များကို နားလည်သဘောပေါက်ဖို့လိုသည်။

သို့မှသာ ဒီမိုကရေစီနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် လှုပ်ရှားနေသည့် ပြည်သူများဘက်သို့ လာရောက် ပူးပေါင်းလာပါမည်။ ဒီမိုကရေစီအတွက် လမ်းပွင့်သွားပါမည်။ လူတိုင်းလူတိုင်း မိမိတို့၏ စားဝတ်နေရေးနှင့် လုံခြုံရေးအတွက် ပူပင်သောက မရှိစေရအောင် ဒီမိုကရေစီကသာ အာမခံချက်ပေးနိုင်ပါသည်။ စစ်အစိုးရလက်ထက် (၁၉)နှစ်လုံးလုံး လုပ်မပေးနိုင်ခဲ့ပါ။ မိုးလုံးပြည့် မုသာဝါဒ ဆိုသည်မှာ အစွပ်စွဲခံရသူဘက်မှမလာပဲ စွပ်စွဲသူတို့၏ ပါးစပ်ပေါက်မှသာ ထွက်လာခြင်းဖြစ်သည်။

ဒီမိုကရေစီ အောင်ပွဲခံရမည်။
လေးစားလျက်
လွင်အောင်စိုး